ညောင်ပင်စုကျေးရွာ

ဖားလက်ခိုအုပ်စု၊ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေး

ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ၊ ညောင်ပင်စုကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ဇလွန်မြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)

ဩဂုတ်လ ၊၂၀၂၄

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၁

စကားချီး ၁

ညောင်ပင်စုကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဇလွန်မြို့နယ် ၂

ညောင်ပင်စုကျေးရွာရာသီခွင်ပြက္ခဒိန်၊ဇလွန်မြို့နယ် ၃

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်**

(၁)နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု ၃

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ ၄

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၅

(က) လူဦးရေဆိုင်ရာအချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၈

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု– လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၁
(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၁၂

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ ၁၃

(၈) ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၁၄
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၁၆

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာအကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ**

(၁) လူမှုစီးပွားရေးအခြေအနေ ၂၁
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၂၂
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား ၂၃
ဇယား ၃ **လုပ်ငန်းနှင့် ကျား၊မ အလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား** ၂၆

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု ၃၀
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ ၃၀
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ ၃၂
ဇယား ၇ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ ၃၃
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ ၃၄
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ ၃၅
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု ၃၇

**(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ ၃၉
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ ၄၀
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု ၄၁
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ ၄၂
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း ၄၃
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု ၄၄
ဇယား ၁၇ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ ၄၅
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ ၄၆
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ ၄၇
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ ၅၀
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေး လုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ ၅၁
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ ၅၂
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း ၅၃
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ ၅၄
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၅၅
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်**များ** စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ ၅၇
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်**အဆင့် စာတတ်မြောက်မှုနှုန်း**
ဇယား ၃၁ ကျောင်း**တက်**နှုန်း ၅၈

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေ**နှင့်ဝန်ဆောင်မှုများ** ၅၉
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ ၆၀
ဇယား ၃၄ အဖြစ်များသော ရောဂါများ ၆၁
ဇယား ၃၅ **လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု**
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ ၆၂
ဇယား ၃၇ သောက်သုံးရေရရှိမှု ၆၃
ဇယား ၃၈ **အိမ်သာအမျိုးအစား** ၆၄
ဇယား ၃၉ **ကျား-မ ရေးရာ**
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ ၆၅
ဇယား ၄၁ ကျေးရွာ၏ **တံတား**တည်ရှိမှု ၆၆
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး ၆၇
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ ၆၈
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ ၇၀
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု ၇၀
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ ၇၀

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၇၁

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၂
**ကိုးကားစာရင်း**

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောပိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |

| | |
|---|---|
| MMK | မြန်မာကျပ် |
| MCRD | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

# ရွှေကျွန်းသာကျေးရွာ သယံဇာတပြမြေပုံ




ရက်စွဲ-၁-၇-၂၀၂၃

ရေးဆွဲသူ-ဦးခင်ဝိုး

# ရွှေကျွန်းသာကျေးရွာ ရာသီခွင်ပြပြက္ခဒိန်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ရာသီဥတု |  |  |  |  |  |  |  |  |  |  |  |  |
| ၂။ | စိုက်ပျိုးရေး (ယာ/ယာ) | ပြောင်းပေါ် | ပြောင်းပေါ် | — | — | — | ထွန်ရေးပြင် | ပြောင်းစိုက် | ဂျုတ်စိုက် | ရေတင် | ရေတင် | ရေတင် | ပြောင်းပေါ် |
| ၃။ | ကိုင်းမြေ | ပြောင်းပေါ် | ပြောင်းပေါ် | — | — | — | ထွန်ရေးပြင် | ပြောင်းစိုက် | ဂျုတ်စိုက် | ရေတင် | ရေတင် | ရေတင် | ပြောင်းပေါ် |
| ၄။ | ကျန်းမာရေး | အသည်းရောင်ခြင်း | အသည်းရောင်ခြင်း | အသည်းရောင်ခြင်း | သွေးလွန်တုပ်ကွေး | သွေးလွန်တုပ်ကွေး | — | — | — | — | — | — | — |
| ၅။ | ဝင်ငွေ/ထွက်ငွေ | ၃/၁ | ၂/၁ | ၀/၂ | ၀/၁ | ၀/၁ | ၀/၂ | ၀/၂ | ၀/၂ | ၁/၁ | ၁/၁ | ၄/၁ | ၄/၁ |
| ၆။ | သဘာဝဘေး အန္တရာယ် | — | မုန်တိုင်း | မုန်တိုင်း | ရေကြီး | ရေကြီး | — | — | — | — | — | — | — |
| ၇။ | ဝမ်းစာဖူလုံမှု | ပေါများ | ပေါများ | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | ပေါများ |
| ၈။ | ပွဲတော် | သင်္ကြန် | ညောင်ရေသွန်း | — | ဝါဆိုသင်္ကန်း | — | — | မီးထွန်း | ကထိန် | — | — | ထမနဲပွဲ | အလှူပွဲ |

ရက်စွဲ-၂-၇-၂၀၂၃

ရေးဆွဲသူ-မဝါဝါစိုး

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄/၂၅ဘဏ္ဍာရေးနှစ်မှ၂၀၂၈/၂၀၂၉ခုနှစ်အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသောလူအများပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသောသမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန်လို အပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဩဂုတ်လ၊၂၀၂၄

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ညောင်ပင်စုကျေးရွာ
ဇလွန်မြို့နယ်

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။ ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီး နောက်ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန်အရေးကြီး ကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရ အဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များ အတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှု

များချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်အောင် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ အစိုးရမဟုတ်သောအဖွဲ့ အစည်းများ(NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့်ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သောငင်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများ အနေဖြင့်၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။ လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီးအ မြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာ အခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီး

များပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

**၂။ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းအမြစ်များ**

**(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ညောင်ပင်စုကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်၊ ဖားလက်ခိုအုပ်စုအတွင်းတည်ရှိပါသည်။ ညောင်ပင်စုကျေးရွာ၏တောင်ဘက်တွင် ကူးတို့ဆိပ်ကျေးရွာတည်ရှိပါသည်။ တစ်နှစ်လုံးတွင် (၅)လခန့်မိုးရွာသွန်းပြီး ဆောင်းရာသီ၌ အသင့်အတင့်အေးကာ နွေရာသီကာလများ၌ ယခင်နွေကာလများထက် တဖြေးဖြေးပို၍ ပူလာသည်ကိုတွေ့ကြုံရပါသည်။ ညောင်ပင်စုကျေးရွာသည် ဇလွန်မြို့နယ်နှင့် ခုနှစ်မိုင်ခွဲခန့်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော ကျေးရွာဖြစ်ပါသည်။ ညောင်ပင်စုကျေးရွာသည် ရွာတန်းရှည်မဟုတ်ဘဲ သီးခြားအုပ်စုတစ်ခုစီ ဖွဲ့ထားသော ပုံစံဖြစ်ပြီး ဧရာဝတီမြစ်နှင့်မနီးမဝေးတွင်တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး စိုက်ပျိုးရေး တစ်နိုင်တစ်ပိုင်မွေးမြူရေးနှင့် ကျပန်းအလုပ်တို့ဖြစ်ပါသည်။ ညောင်ပင်စုကျေးရွာသည် ပင်လယ်ရေမျက်နှာပြင်အထက် (၅၄)ပေခန့်တွင်တည်ရှိပါသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန် လက်မမှာ (၄၀) လက်မအထက်ရှိပြီး စိုက်ပျိုးရေးအနေဖြင့် ပြောင်း၊ပဲ၊ဂေရုတ်တို့ကို အဓိကစိုက်ပျိုးပြီး အသက်မွေးဝမ်းကြောင်းပြုကြပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

ညောင်ပင်စုကျေးရွာတွင် ကျောက်နှင့်သဲလုံးဝမထွက်ရှိပါ။ တွင်းထွက်သယံဇာတများ၊ သဘာဝမျိုးစိတ်များ ၊သဘာဝတိရိစ္ဆာန်မျိုးစိတ်များရရှိနိုင်မှုမရှိပါ။ ကိုင်းလုပ်ငန်းများအတွက် စက်ယန္တယားများကိုအသုံးပြုပါသည်။ ဆေးဘက်ဝင်အပင်များဖြစ်သော ပင်စိမ်းပင် ငွေးတောက်ပင်၊ လောက်သေပင်၊ ဘောက်ပင်များရှိပါသည်။

**၃။ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က)လူဦးရေဆိုင်ရာအချက်အလက်များ**

ညောင်ပင်စုကျေးရွာတွင်အိမ်ခြေ(၁၃၅)အိမ်၊ အိမ်ထောင်စု (၁၃၅)နှင့် လူဦးရေ (၄၇၃)ဦး ရှိကြောင်း၊ ကလေးငယ်အရွယ်(၄.၉၃)%၊ကျောင်းနေအရွယ်(၁၉.၇၅)%၊ အလုပ်လုပ်နိုင်သော အရွယ်(၆၅.၄၃)%၊ သက်ကြီးရွယ်အို(၇.၄)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၃.၉)ဦးနှုန်းရှိပြီး နိုင်ငံတော်၏တစ်အိမ်ထောင်ပျမ်းမျှနှုန်း၅ဦး ထက်လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပါသည်။ကျေးရွာတွင်အမျိုးသား (၂၂၀)ဦး၊ အမျိုးသမီး(၂၅၃)ဦး ရှိသဖြင့် ကျားမအချိုးများ ပြားစွာကွာဟမှုမရှိသောကြောင့် အမျိုးသမီးများ လုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ

ထည့်သွင်း စဉ်းစားပြီးအလုပ်အကိုင်များကိုဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူ ပြုစေနိုင်ပါမည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု**

ညောင်ပင်စုကျေးရွာတွင်စိုက်ပျိုးရေးကိုအများဆုံး လုပ်ကိုင်ကြပြီးမိသားစု အပိုဝင်ငွေရရှိရေး တစ်ပိုင်တစ်နိုင်ကြက်၊ ဘဲ၊ ဝက်မွေးမြူခြင်း၊ ရာသီအလိုက်လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းအလုပ်လုပ်ကိုင်ခြင်း၊ ဆိုင်ကယ်ကယ်ရီအငှားလိုက်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ ကိုင်းလုပ်ငန်းအဓိကလုပ်ကိုင်သူ(၇၅)%၊ ကိုင်းနှင့်ခြံလုပ်ငန်းများတွင် ရာသီအလိုက်နေ့စား အလုပ်လုပ်ကိုင်သူ(၂၂.၈၂)%၊ အပ်ချုပ်စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ကိုင်သူများလည်း ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ညောင်ပင်စုကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ ကိုင်းမြေကေစုစုပေါင်း(၂၇၁)ကေ ဖြစ်ကြောင်း၊ ယာမြေ၊ ခြံမြေ၊ ဓနိတောမြေ၊ စားကျက်မြေ၊ မြေလွတ်မြေလပ်များမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ ညောင်ပင်စုကျေးရွာ၏ ဥစ္စာဓနအဆင့်မှာ အဆင်ပြေသောအိမ်ထောင်စု(၁၃)အိမ် (၉.၆%)၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၂၁)အိမ်(၁၅.၆%)၊ ဆင်းရဲသောအိမ်ထောင်စု(၇၃)အိမ် (၅၄.၁%)၊ အလွန်ဆင်းရဲသောအိမ်ထောင်စု(၂၈)အိမ်၊(၂၀.၇%)ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အဆင်ပြေသောအိမ်ထောင်စုများမှာ ကိုင်းလုပ်ငန်းအဓိကလုပ်ကိုင်ကြပြီး (၅)ကေနှင့်(၁၀) ကေကြားပိုင်ဆိုင်သူနှင့်(၁၀)ကေအထက် ပိုင်ဆိုင်သူများဖြစ်ကြကြောင်း၊ ကိုင်းလုပ်ငန်းသုံးထွန်စက်ငယ်များပိုင်ဆိုင်ကြကြောင်း၊ သစ်အိမ်အများဆုံးဖြစ်ကြောင်းတွေ့ရှိရပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာ ကိုင်းလုပ်ငန်းနှင့်လုပ်သားအလုပ်သမားအဖြစ် အဓိကလုပ်ကိုင်ကြပြီး (၁)ကေနှင့်(၅)ကေကြားလယ်မြေများပိုင်ဆိုင်ကြကြောင်း၊ သစ်အိမ်အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ မပြေလည်သောအိမ်ထောင်စုများမှာ ရာသီအလိုက်နေ့စားကျပန်းလုပ် ကိုင်ကြသောမြေယာမဲ့များလည်းရှိကြောင်း၊ ဝါးအိမ်အများဆုံးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ညောင်ပင်စုကျေးရွာတွင် အိမ်ထောင်စု(၁၃၅)အနက်မြေယာမဲ့အိမ်ထောင်စု(၄၅)%ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

ညောင်ပင်စုကျေးရွာသည ကိုင်းလုပ်ငန်းကို အဓိကလုပ်ကိုင်သော ဒေသဖြစ်သဖြင့် စိုက်ပျိုးရေးသုံးစက်ကိရိယာများပိုင်ဆိုင်မှုမှာ ထွန်စက်(၄)စီး၊ ခြွေလှေ့စက်(၂)စီး ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေး သုံးစက်ကိရိယာများ မရှိ၍ ထွန်စက်တို့အား ငှားရမ်းလုပ်ကိုင်နေသောအိမ်ထောင်စုအရေအတွက်(၈၁)အိမ်ရှိကြောင်း၊ ခြွေလှေ့စက်အား ငှားရမ်းလုပ်ကိုင် သောအိမ်ထောင်စုအရေအတွက်(၈၁)အိမ်ရှိကြောင်း၊ ရေစုပ်စက်အား ငှားရမ်း လုပ်ကိုင်နေသောအိမ် ထောင်စုအရေအတွက် (၅၅)အိမ်ရှိကြောင်း၊ ကျေးရွာမှစုပေါင်း၍ အသုံးပြုရန်အတွက်ရွာပိုင်၊ အဖွဲ့ပိုင်စက်ကိရိယာများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု**

ညောင်ပင်စုကျေးရွာရှိအိမ်ထောင်စုပေါင်း(၁၀၄)အနက် (၃)လနှင့် (၆)လကြားဝမ်းစာမဖူလုံ၍ လုပ်အားခကြိုယူ၍ စားဝတ်နေရေးဖြေရှင်းနေရသောအိမ်ထောင်စုပေါင်း(၁၀)အိမ်၊ ၆လမှ၁၂လအထိ ဝမ်းစာမဖူလုံ၍လုပ်အားခကြိုတင်ထုတ်ယူရသောအိမ်ထောင်စုမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

ညောင်ပင်စုကျေးရွာတွင်မိသားစုစောင့်ရှောက်မှုနည်းပါးသည့်သက်ကြီးရွယ်အို (၆၄)နှစ်နှင့် အထက် အိမ်ထောင်စု၊မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့် ပုဂ္ဂိုလ်ရှိသည့် အိမ်ထောင်စု၊ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု၊ ဆင်းရဲ၍မိသားစု ဦးရေများသည့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု၊ အခြားဒေသသို့ကြာမြင့်စွာ သွားရောက်လုပ်ကိုင် နေသောဆင်းရဲသည့် အိမ်ထောင်စုများမရှိသောကြောင့် ကူညီစောင့်ရှောက်မှု အထူးလိုအပ်နေသော အုပ်စုများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ညောင်ပင်စုကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင် အဆင်ပြေသော အိမ်ထောင်စု နှင့်အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာ အန္တရာယ်ရှိနိုင်သည့် ထိခိုက်သက် ရောက်မှုများမရှိကြောင်း၊ မပြေလည်သောအိမ်ထောင်စုများမှာ(၃)လနှင့်(၆)လကြားစားနပ်ရိက္ခာ မဖူလုံ သောကြောင့် လုပ်အားခကြိုတင်ယူ၍ မိသားစုစားဝတ်နေရေးအတွက်ဖြေရှင်းရသည့် အခြေအနေ မျိုးရှိကြောင်းလေ့ လာတွေ့ရှိရပါသည်။ ညောင်ပင်စုကျေးရွာသည်ရှောဝတီမြစ်၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိသော ကျေးရွာဖြစ်ပြီး ရေလမ်းခရီးဖြစ်သောကြောင့် အနည်းငယ် အခက်အခဲရှိသော်လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

ညောင်ပင်စုကျေးရွာသည် သဘာဝရင်းမြစ်(မြေစိုက်ပျိုးရေ) ရှားပါးမှု၊ မိုးခေါင်မှု၊ အအေး လွန်ကဲမှု၊ ပြင်းထန်သောမုန်တိုင်း၊ ငလျင်ဒဏ်၊ မီးဘေး၊ သစ်တောပြုန်းတီးမှု ၊ငှက်ဖျားရောဂါ၊ ကိုယ်ခံ အားကျ ဆင်းမှုရောဂါ၊ ကျေးရွာတွင်းပဋိပက္ခ၊ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု၊ လူကုန်ကူး မှုစသည့် ထိခိုက်မှုမျိုးမရှိကြောင်း၊ လယ်ယာမြေဆုံးရှုံးမှုအိမ်နေရာ အရွှေ့အပြောင်းများ မရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

ညောင်ပင်စုကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရသူများအတွက် အုပ်စုကဏ္ဍအလိုက်ခွဲခြား သတ်မှတ်ရာတွင်မြေယာမဲ့ဆင်းရဲသားတောင်သူ ကျပန်းအလုပ်သမားများနှင့် အမျိုးသမီးဦးဆောင် သည့် အိမ်ထောင်စုများသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော်လည်း ထိခိုက် သက်ရောက်မှုနိမ့် ကြောင်း၊ လူငယ်များသည်အရက်သေစာသောက်စားမှုရှိသောကြောင့် ထိခိုက်သက်ရောက်မှု အနည်း အကျဉ်းသာရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ဃ) ကျန်းမာရေးနှင့်အာဟာရ**

ညောင်ပင်စုကျေးရွာတွင် သာမန်ရာသီဖျားရောဂါများမှ လွဲပြီးအခြားရောဂါဘယဖြစ်ပွားမှု နည်းပါး ကြောင်း၊ ရာသီချိန်များတွင်ဖြစ်တတ်သည့်ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေးစသည့် ရောဂါ ဖြစ်ပွားမှုအနည်းအကျဉ်းရှိသော်လည်း ပျံ့နှံ့ကူးစက်မှုအန္တရာယ်မရှိကြောင်း၊ ကျေးရွာနှင့် (၇)မိုင်ခန့်

ဇလွန်မြို့နယ်ပြည်သူ့ဆေးရုံကြီးရှိသဖြင့် ကျန်းမာရေးဝန်ဆောင်မှုများကောင်းစွာရရှိပြီး အဆင်ပြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ညောင်ပင်စုကျေးရွာတွင် လွန်ခဲ့သော(၁၂)လအတွင်း၌ မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်းများနှင့် အခြား စုပေါင်း ကာကွယ်ဆေးအနေဖြင့် ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံမှုများရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ ညောင်ပင်စုကျေးရွာတွင်ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများအနေဖြင့် ကျေးရွာအတွင်းတွင် ကျေးလက်ကျန်းမာရေး ဌာနမရှိသော်လည်း ဇလွန်မြို့နှင့် အလှမ်းမကွာသောကြောင့် ကျန်းမာရေးနှင့်ပတ်သက်ပြီး ခက်ခဲမှုမရှိဘဲ အဆင်ပြေကြောင်းလေ့လာတွေ့ရှိရပါသည်။

ညောင်ပင်စုကျေးရွာတွင် စာမတတ်သူဦးရေကျား(၁၂)ဦး၊ မ(၁၈)ဦး၊ စုစုပေါင်း (၃၀) ဦး၊(၇.၄)% ရှိကြောင်း၊ မူလတန်းအဆင့်ရှိသူဦးရေကျား(၁၅၅)ဦး၊ မ(၁၅၁)ဦး၊စုစုပေါင်း (၃၀၄)ဦး၊ (၇၅.၀၆)%ရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူဦးရေကျား(၂၁)ဦး၊ မ(၁၃)ဦး၊ စုစုပေါင်း(၃၄)ဦး၊ (၈.၃၉)% ရှိကြောင်း၊ အထက်တန်း အဆင့်ရှိသူဦးရေကျား(၁၂)ဦး၊ မ(၇)ဦး၊ စုစုပေါင်း(၁၉)ဦး၊(၄.၆၉)%ရှိကြောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူဦးရေကျား(၄)ဦး၊ မ(၁၄)ဦး၊ စုစုပေါင်း(၁၈)ဦး၊ (၄.၄)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ညောင်ပင်စုကျေးရွာ၌လက်ရှိကျောင်းတက်နှုန်း အဆင့်မှာမူလတန်း အဆင့်ကျား (၂၉)ဦး၊ မ(၂၅)ဦး၊ စုစုပေါင်း(၅၄)ဦး၊ (၁၃.၃)%ရှိကြောင်း၊ အလယ်တန်းအဆင့်ကျား(၂၀)ဦး၊ မ(၆)ဦး၊စုစုပေါင်း (၂၆)ဦး၊ (၆.၄၁)%ရှိကြောင်း၊ အထက်တန်းအဆင့် အဆင့်ကျား (၈)ဦး၊မ(၉)ဦး၊ စုစုပေါင်း (၁၇)ဦး၊(၄.၂)%ရှိကြောင်း၊ နှင့်တက္ကသိုလ်/ကောလိပ်အဆင့်ကျား(၂)ဦး၊မ(၁၄)ဦး စုစုပေါင်း(၁၆)ဦး၊ (၃.၉)% ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

ညောင်ပင်စုကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိပါသည်။ အခြေခံပညာမူလတန်း အကျယ်မှာ ၁၈၀စတုရန်းပေရှိပြီး ကျောင်းတွင် ဆရာမ(၄)ဦး၊ ပေါင်း(၄)ဦးရှိပြီး ကျောင်းသားဦးရေနှင့် ဆရာ/မဦးရေ လုံလောက်မှုရှိပါကြောင်းလေ့လာတွေ့ရှိရပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ညောင်ပင်စုကျေးရွာရှိကျားမရေးရာအခန်းကဏ္ဍပါဝင်နှင့် ပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်သော်လည်း အခန်းကဏ္ဍနည်းပါးနေသေးကြောင်း၊ ဦးဆောင်မှုနည်းပါးနေသေးကြောင်း၊ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှု အခြေအနေမျိုးမရှိကြောင်း၊ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများမရှိခဲ့ကြောင်း၊ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် ကျေးရွာသူကျေးရွာသားများထိုက်သင့်သလောက် အသိမြင်ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ညောင်ပင်စုကျေးရွာသည် လယ်လုပ်ငန်းတစ်မျိုးတည်း အဓိကလုပ်ကိုင်သော ကျေးရွာဖြစ်သဖြင့် ကိုင်းလုပ်ငန်းများတွင်ရာသီအလိုက် နေ့စားလုပ်ကိုင်ကြသည့် ယောကျ်ားလေးများ၏ လုပ်အားခနှုန်း ထားအများဆုံးမှာ(၁၀၀၀၀)ကျပ်၊ မိန်းကလေးများ၏လုပ်အားခနှုန်းထားအများဆုံးမှာ (၈၀၀၀)ကျပ် ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင်သီးသန့်အဖွဲ့အစည်းဖွဲ့စည်းထားသော ဖြူစင်မေတ္တာပရဟိတ အဖွဲ့အစည်းရှိပြီး ၎င်းအဖွဲ့အစည်းသည် ကျေးရွာတွင်းရှိလူမှုရေး၊ စီးပွားရေး၊ သာရေး၊ နာရေးကိစ္စရပ်များဝင်ပါဝင် ဆောင်ရွက်ကြပါသည်။ ကျေးရွာသူကျေးရွာသားများသည် ဗမာလူမျိုးများဖြစ်ကြပြီး ဘာသာရေး လုပ်ငန်းများ ကိုစိတ်အားထက်သန်စွာဆောင်ရွက်ကြပါသည်။

ညောင်ပင်စုကျေးရွာတွင် ပြင်ပပုဂ္ဂလိက အဖွဲ့အစည်းများအနေဖြင့် စိုက်ဘဏ်၊ မဟာ၊ ထွန်းယုက် စသည်ဖြင့်အဖွဲ့အစည်းများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ**

ညောင်ပင်စုကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကိုအဓိကထားလုပ်ဆောင်သော ကျေးရွာဖြစ် သောကြောင့် ဆောင်းရာသီတွင် ပြောင်း၊ ဧရှတ်၊ ပဲများစိုက်ပျိုးရန်အတွက် လယ်ယာလုပ်ငန်းခွင် ဝင်ကြရပါသည်။ ပြောင်းကိုမတ်လတွင်သိမ်းပြီး၊ ပဲကိုဖေဖော်ဝါရီလတွင်သိမ်းပါသည်။ ပြောင်းအထွက်နှုန်းမှာ တစ်ကေလျှင်ပျမ်းမျှ(၈၀)မှ (၁၀၀)တင်းကြားထွက်ရှိပါသည်။ မတ်ပဲအထွက် နှုန်းမှာ တစ်ကေလျှင်ပျမ်းမျှ(၂၅)တင်းနှုန်းထွက်ရှိပါသည်။ ညောင်ပင်စုကျေးရွာသည် ဧရာဝတီ မြစ်နှင့်နီးပြီး လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်သောကြောင့် ဒေသထွက်ကုန်များကို ရောင်းချရာ တွင် အဆင်ပြေမှုရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

ညောင်ပင်စုကျေးရွာ၏သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းကောင်းများမှာ လယ် ယာစိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်သော ဒေသဖြစ်သဖြင့်လယ်မြေကို ကောင်းစွာအသုံး ချကြခြင်း၊ စိုက်ပျိုးရေးအတွက်လိုအပ်သောဓါတုပိုးသတ်ဆေး၊ဓါတ်မြေသြဇာနှင့်အခြား ဓါတုဗေဒ သွင်းအားစုများ ဝယ်ယူရရှိနိုင်ခြင်း၊ အလုပ်သမားရနိုင်ခြင်း၊ စိုက်ပျိုးရေးသုံးချေးငွေတို့ရရှိနိုင်ခြင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သောသွင်းအားစုရေကို အဝီစိတွင်းများမှတိုက်ရိုက်ရရှိနိုင်ခြင်း၊ လယ်မြေ များမှမြေဆီလွှာ ကောင်း မွန်ပါသည်။

ညောင်ပင်စုကျေးရွာတွင် မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ နွားမွေးမြူသော အိမ်ထောင်စု (၂၄)အိမ် အကောင်ရေ(၄၅)ကောင်၊ဝက်မွေးမြူသောအိမ်ထောင်စု(၂၂)အိမ် အကောင်ရေ(၃၄) ကောင်၊ ကြက်မွေးမြူသော အိမ်ထောင်စု(၂၉)အိမ် အကောင်ရေ(၃၂၆)ကောင် ၊ကျွဲ၊မြည်း၊လား၊သိုး၊ မွေးမြူသော အိမ်ထောင်စုမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

ညောင်ပင်စုကျေးရွာ၏ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ စီးပွားဖြစ်မွေးမြူကြခြင်း မဟုတ်ဘဲ တစ်ပိုင်တစ်နိုင်မွေးမြူကြခြင်းသာဖြစ်ပါသည်။ ငါးလုပ်ငန်းနှင့်ပတ်သက်၍ မွေးမြူသူများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ညောင်ပင်စုကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးကို အများဆုံးလုပ်ကိုင်ကြပြီးမိသားစု အပိုဝင်ငွေရရှိရေးတစ်ပိုင်တစ်နိုင်ကြက်၊ဘဲ၊ဝက်မွေးမြူခြင်း၊ ရာသီအလိုက်လယ်ယာလုပ်ငန်းခွင်တွင်ကျပန်း အလုပ်လုပ်ကိုင်ခြင်း၊ဖောကာမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီအငှားလိုက်ခြင်း၊ ပန်းရံလုပ်ငန်းခြင်း၊ လက်သမားလုပ်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ လယ်လုပ်ငန်း အဓိကလုပ်ကိုင်သူ(၁၆)%၊ လယ်လုပ်ငန်းများတွင်ရာသီအလိုက်နေ့စားအလုပ်လုပ်ကိုင်သူ (၇၀)%၊ အပ်ချုပ်စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူနှင့်ပညာရေးဝန်ထမ်းလုပ်ကိုင်သူ(၂)%လည်း ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ညောင်ပင်စုကျေးရွာသည် ဧရာဝတီ၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသောကျေးရွာဖြစ်သော်လည်း ကျေးရွာနှင့် ဇလွန် မြို့သို့တိုက်ရိုက်မော်တော်များ၊ မော်တော် ဆိုင်ကယ်များ အချိန်မရွေး ပြေးဆွဲနေသောကြောင့်ကျေးရွာ၏ ဒေသထွက်ကုန်များအား ရောင်းချရန် ဈေးကွက်ကောင်းရှိပါသည်။ ညောင်ပင်စုကျေးရွာသည် ဇလွန်မြို့ နှင့်(၇)မိုင် အကွာတွင်ရှိသော်လည်း လျှပ်စစ်မီးမရရှိသေးသည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သောအခြား အသက်မွေးဝမ်း ကျောင်းလုပ်ငန်းလုပ်ကိုင်သူများသည် လက်ရှိအခြေအနေထက်ပိုမို ကောင်းမွန်သည့် အလုပ်အကိုင် အခွင့်အလမ်းများ၊ ဝင်ငွေတိုးပွားမှုများ မရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ညောင်ပင်စုကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းမြစ်များ စီမံခန့်ခွဲမှုစနစ်၌ လယ်ယာစိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်သော ကျေးရွာဖြစ်သဖြင့်လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းတို့မှ ထွက်ရှိသော အမှိုက်များအားမြေစာအဖြစ်ပြန်လည်သုံးစွဲခြင်းများ ပြုလုပ်လေ့ရှိကြောင်း၊ နေအိမ်များမှ ထွက်ရှိသည့်စွန့်ပစ်ပစ္စည်းများအားတစ်ဦးချင်း တစ်ယောက်ချင်းစနစ်တကျ စွန့်ပစ်ကြခြင်းများ ပြုလုပ်ကြသော်လည်း ကျေးရွာအဆင့်သီးသန့်နေရာစီမံထားခြင်းမျိုးမရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ဆိုးကျိုးဖြစ်ပွားမှု အန္တရာယ်မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ ယခုနှစ်အခါ၌ လယ်ယာစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုဆိုးရွားကြောင်း၊ ဖျက်ပိုးကျရောက်မှုကိုကာကွယ်ရန် သဘာဝမြေသြဇာသုံးစွဲမှု နည်းပါးပြီးအလွယ်တကူ အသုံးပြုနိုင်သောပိုးသတ်ဆေးများကိုသာ အသုံးပြုလေ့ရှိကြောင်း၊ စိုက်ပျိုးရေးမျိုးကောင်း မျိုးသန့်များရရှိရေးလိုအပ်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ညောင်ပင်စုကျေးရွာတွင်လယ်သမားများမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေ(အတိုးနှုန်းပြား၈ဂ)ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးယူသုံးစွဲကြသည်။ ကျေးရွာ

၏သုံးပုံနှစ်ပုံခန့်လောက်သည်ကိုရီးယားချေးငွေ(အတိုးနှုန်း၁.၅ကျပ်)နှင့် သမဝါယမချေးငွေ (အတိုးနှုန်း ၂ကျပ်)တို့ဖြင့် စားဝတ်နေရေးနှင့် တစ်နိုင်တစ်ပိုင်အသက် မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရန် အတွက်ချေးယူကြပါသည်။ ငွေတိုးချေးသူများထံမှ (အတိုးနှုန်း၅ကျပ်)နှုန်းဖြင့် ချေးယူသူအနည်း အကျဉ်းမျှသာရှိပါသည်။ ကျေးရွာသားအများစုသည်ချေးငွေကိုအဓိကအားဖြင့်ရိက္ခာ၊ ဝင်ငွေရ လုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက်ချေးယူကြကြောင်းတွေ့ရှိရပါသည်။ဆင်းရဲ၊ အလွန်ဆင်းရဲအိမ် ထောင်စုများ၏အကြွေးတင်ရှိမှုကိုလေ့လာဆန်းစစ်ချက်အရ အကြွေးတင်ရှိမှု နည်းပါးကြောင်းတွေ့ရသည်။

## (စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ညောင်ပင်စုကျေးရွာ၏ သောက်သုံးရေရရှိမှုမှာကိုယ်ပိုင် တုံကင်တွင်း (စက်တပ်) အသုံးပြုသူ အိမ်ထောင်စု(၇)အိမ်ရှိကြောင်း၊ ကိုယ်ပိုင်တုံကင်တွင်းအသုံးပြုသူ အိမ်ထောင်စု (၉၆) အိမ်ရှိကြောင်း၊ တုံကင်တွင်းနှင့် ရေတွင်းတို့မှ နွေ၊ မိုး၊ဆောင်း၊ရာသီ သုံးပါးစလုံး သောက်သုံးရေအတွက် လုံလောက်မှု ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဆ)လူငယ်နှင့်ယဉ်ကျေးမှု

ညောင်ပင်စုကျေးရွာတွင်းရှိလူငယ်များသည်သာရေး၊ နာရေးနှင့်ဘာသာရေးဆိုင်ရာ ကိစ္စရပ်များ တွင်တက်တက်ကြွကြွဆောင်ရွက်ကြသည်။ ကျေးရွာတွင်းတွင်နေထိုင်သော သူများမှာ ဗုဒ္ဓဘာသာ ဝင်များ ဖြစ်သောကြောင့်ဘုရားပွဲ၊ကထိန်ပွဲများကျင်းပဆောင်ရွက်ကြကြောင်း၊ ဘုရားပွဲများ တွင် နှစ်စဉ် ဖျော်ဖြေ ရေးအစီအစဉ်များအနေဖြင့်ဇာတ်ပွဲများဖြင့်ဖျော်ဖြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင်းရှိလူငယ်လူရွယ်များစာပေဗဟုသုတများ စိတ်ဝင်စားလာစေရန်၊ ကျေးရွာသူကျေးရွာ သားများ စုပေါင်း၍ ကျေးရွာစာကြည့်တိုက်လည်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဇ) အခြေခံအဆောက်အဦး – လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

ညောင်ပင်စုကျေးရွာ၌ ရွာဖြတ်လမ်း (၁၅၀၀ပေ) အတိုင်းအတာရှိ မြေသားလမ်းရှိပါသည်။ ညောင်ပင်စုကျေးရွာအတွင်းတွင်မည်သည့်တံတားမှမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ညောင်ပင်စုကျေး ရွာသည် လက်ရှိတွင် ဓါတ်အားလိုင်းအသုံးပြုသည့် အိမ်ထောင်စုမရှိကြောင်း၊ ဆိုလာအသုံးပြုသူ အိမ်ထောင်စု(၃၇)အိမ်၊ အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓါတ်အားပေးစနစ်အသုံးပြု သူအိမ်ထောင်စု(၆၇)အိမ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ညောင်ပင်စုကျေးရွာတွင်ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များ ရရှိရေး အတွက်ဖုန်း (၇၆)လုံး၊ ရေဒီယို(၁)လုံး၊ တီဗွီ(၂၆)လုံး၊ဂြိုလ်တုစလောင်း(၂၅)လုံးဖြင့် အသုံးပြုနိုင်မှုရှိ ကြောင်း၊ mpt၊telenol၊ ooredoo၊mytel ဆက်သွယ်ရေးလိုင်းအားလုံးဖြင့် ဆက်သွယ်အသုံးပြုနိုင်ကြောင်း

လေ့လာတွေ့ရှိရပါသည်။ ညောင်ပင်စုကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့ အတွက် (၇)မိုင်ခန့်ကွာဝေးသော အနီးဆုံးဈေး “ဇလွန်ဈေး’သို့သွားလာကြပြီး စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်)၊ မီးဖိုချောင် သုံးနှင့်အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ ဝယ်ယူရရှိနိုင်ပါသည်။ ညောင်ပင်စုကျေးရွာသည် ပစ္စည်းစုံဝန်ဆောင်မှုများအတွက် (၁၄)မိုင် အထက်ကွာဝေးသော ဟသ်ာတမြို့သို့မော်တော်၊ဆိုင်ကယ်၊ ကား/ထော်လာဂျီတို့ဖြင့် ဆက်သွယ်သွားလာ ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ညောင်ပင်စုကျေးရွာတွင်လူကုန်ကူးမှု၊အကြမ်းဖက်မှုများလုံးဝမရှိပါ။မူးယစ်ဆေးသုံးစွဲမှုနှင့်ပတ်သက်၍အရက်သေစာသောက်စားခြင်းအနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ညောင်ပင်စုကျေးရွာသည်ဆက်သွယ်ရေးနှင့် ပတ်သက်၍ MPT,Telenor,Ooredoo ကဲ့သို့သော ဖုန်းလိုင်းများမိသောကြောင့်အလွယ်တကူ ဆက်သွယ်နိုင်ပြီးကျေးရွာသူ/ကျေးရွာသားများမှာဖုန်းဖြင့် Internet ပင်အသုံးပြုနေကြပါသည်။ လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက်လည်း အလွယ်တကူ အကြောင်းကြားကာအကူအညီရယူနိုင်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**၅။ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေများ**

ညောင်ပင်စုကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်ပြီး ဇလွန်မြို့နှင့်နီးသောကြောင့် ဇလွန်ပြည်သူ့ဆေးရုံကြီးတွင် သွားရောက်ကုသနေကြသဖြင့် အခက်အခဲမရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

ညောင်ပင်စုကျေးရွာတွင် အရံမီးသတ်အဖွဲ့၊ ဖြူစင်မေတ္တာပရဟိတအဖွဲ့နှင့် ရပ်မိရပ်ဖအဖွဲ့ တို့ရှိပြီးအမှန်တကယ်ကျေးရွာအတွင်းထိထိရောက်ရောက်ပါဝင်လုပ်ဆောင်ကြပါသည်။

**(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု**

ညောင်ပင်စုကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်နေကြသော်လည်း စိုက်ပျိုးရေး လုပ်ကိုင်သူ တောင်သူနည်းပါးပြီး ကပ်ပါးလုပ်ကိုင်သူများသဖြင့်ကျေးရွာတွင်အဆင်ပြေသူအိမ်ထောင်စု နည်းပါးသောကြောင့် ကျေးရွာတွင်းလမ်းကို အဆင့်မြှင့်တင်ရန် စုဆောင်းငွေနည်းပါးပြီး အခက်အခဲရှိသော ကြောင့်သက်ဆိုင်ရာ မြို့နယ်ဌာနများနှင့်ပူးပေါင်းဆောင်ရွက်မှသာ ကောင်းမွန်သော လမ်းများဖြစ် လာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**၆။ပန်းတိုင်နှင့်မဟာဗျူဟာ**

**(က)ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလ အတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်-

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာတွင်းကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရမည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာတွင်းလမ်းအားကွန်ကရစ်ခင်းပြီး ကျန်ရှိနေသော လမ်းအား

ဆက်လက်အကောင်အထည်ဖော်နိုင်ရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည်အထက်တွင်ဖော်ပြထားသောကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကိုဆောင်ရွက်သွားကြမည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်-

ခ.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည်ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန် အလုပ်အကိုင်အခွင့်အလမ်းတိုးတက်စေရန် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ပြီး ကျေးရွာမှပြည်သူထည့်ဝင်ငွေဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

ခ.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည်ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန် အလုပ်အကိုင်အခွင့်အလမ်းတိုးတက်စေရန် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပြီးကျန်ရှိနေသောလမ်းပိုင်းအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**၇။ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များများနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့်အဖွဲ့အစည်းများကိုရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအားနည်းပညာ အထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့် အထောက်အပံ့များ ကိုနိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှု များကိုပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ် ကာလအတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့်နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) ကျေးရွာတွင်းကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း

ညောင်ပင်စုကျေးရွာအတွင်းရှိရွာတွင်းလမ်းမှာ ကွန်ကရစ်လမ်း ဖြစ်သော်လည်း လမ်းမှာကျဉ်းမြောင်းပြီးအချိန်မရွေးသွားလာရန် အခက်အခဲရှိသောကြောင့် ရာသီမရွေးကျောင်းသား/ကျောင်းသူများ၊ ကျေးရွာသူကျေးရွာသားများ၊ ရဟန်းရှင်လူများအားလုံး ဆက်သွယ်သွားလာရေး အခက်အခဲများရှိနေသောကြောင့် ကွန်ကရစ်လမ်း အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(ဂ) ကျန်ရှိနေသောလမ်းအားကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်း

ညောင်ပင်စုကျေးရွာအတွင်းရှိရွာတွင်းလမ်းမှာ ကွန်ကရစ်လမ်း ဖြစ်သော်လည်း လမ်းမှာကျဉ်းမြောင်းပြီးအချိန်မရွေးသွားလာရန် အခက်အခဲရှိသောကြောင့် ရာသီမရွေးကျောင်းသား/ကျောင်းသူများ၊ ကျေးရွာသူကျေးရွာသားများ၊ ရဟန်းရှင်လူများအားလုံး ဆက်သွယ်သွားလာရေး အခက်အခဲများရှိနေသောကြောင့် ကွန်ကရစ်လမ်း အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ဆောင်ရွက်ပြီးကျန်ရှိနေသောလမ်းအား ကွန်ကရစ်လမ်းခင်းရန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၈။ စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည်အကောင်အထည်ဖော်မည့် ဗျူဟာများကိုလုပ်ငန်းဆောင်ရွက်မှုများ အဖြစ်သဘောထားနားလည်နိုင်စေမည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည်ငါးနှစ်တာတာစီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာအဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလကဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့်စီမံချက်များသည်မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ဤသည်မှာကျေးရွာလူထုသည် နှစ်နှစ်၊သုံးနှစ်တာကာလစီမံချက်များအတွက်မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်းငါးနှစ်တာကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်းဖော်ထုတ်သွားကြပါမည်။သို့ ပါသောကြောင့်ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည်ပြင်းထန်သောသဘာဝဘေးအန္တ ရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါကအနည်းနှင့်အများဆိုသလိုပြောင်းလဲမှုမရှိနိုင်ပဲနောက်ထပ်တိုးလာမည့်လု ပ်ငန်းစီမံချက်များသာပါဝင်လာနိုင်ပါမည်။ထို့ကြောင့်ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်းနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုဆောင်ရွက်သွားကြပါမည်။

## (ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်များကိုစီမံချက်ဆိုင်ရာအချက်အလက်များကိုစီစစ်စိတ်ဖြာနိုင်ရန်လုပ်ငန်းရပ်ဆိုင် ရာနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီးအုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functionalclassification)ဖြင့်ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက်သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အကုပ်စု သတ်မှတ်ခြင်း (Economic classification)သည်စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုး ဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန်အထောက်အကူပြုသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ ကယင်းတို့၏လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထု သည်နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များ ဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင်မြို့နယ်အဆင့် ဌာန

ဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှနည်းပညာ အကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသောဦးစားပေး စီမံချက်လုပ်ငန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်–

(၁) ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်း(၁၂၅၀'×၅'x၆")

**(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ**

အောက်ပါဇယားတွင်လုပ်ငန်းစတင်ရန်၊ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏အချိန်ဇယားကိုဖော်ပြထားပါသည်။ဤအစီအစဉ်ကိုနှစ်အလိုက်လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီးနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်းထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ |
|---|---|---|---|---|---|---|---|
| ၁။ | ကွန်ကရစ်လမ်းပြုလုပ်ခြင်း | ၁ | ✔ | | | | |
| ၂။ | တစ်အိမ်သုံးဆိုလာမီးလင်းရေး | ၂ | | ✔ | | | |
| ၃။ | စက်ရေတွင်းတူးဖော်ခြင်း | ၃ | | | ✔ | | |
| ၄။ | မြစိမ်းရောင်စီမံကိန်း | ၄ | | | | ✔ | |
| ၅။ | အင်ဂျင်စက်ပြင်သင်တန်း | ၅ | | | | | ✔ |

**၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင်ဖေါ်ပြထားသောစီမံချက် အလိုက်ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည်တချို့စီမံချက်များကို ရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့်ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ဖေါ်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သောထည့်ဝင်မှုများကိုထည့်သွင်းဖေါ်ပြထားခြင်းမရှိပါ။

(ငွေသားမဟုတ်သောထည့်ဝင်မှု၊ဥပမာလုပ်အား၊သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊အချိန်စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံး စရိတ် | ငွေလုံးငွေရင်းအသုံး စရိတ် | | လူသား ချင်းစာ နာမှုဆိုင်ရာ ေထာက်ပံ့မှု |
| | | | | ငွေလုံးငွေ ရင်းသုံးစရိတ် | စွမ်းဆောင် ရည်မြှင့်တင်ရေး | |
| ၁။ | ကွန်ကရစ်လမ်းပြုလုပ်ခြင်း | ၁၅၀ | | ✔ | | |
| ၂။ | တစ်အိမ်သုံးဆိုလာမီးလင်းရေး | | | ✔ | | |
| ၃။ | စက်ရေတွင်းတူးဖော်ခြင်း | | | ✔ | | |
| ၄။ | မြစိမ်းရောင်စီမံကိန်း | | | ✔ | | |
| ၅။ | အင်ဂျင်စက်ပြင်သင်တန်း | | | ✔ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကဦးဆောင် အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာကျွန်ုပ်တို့ ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီ အသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာ စီမံကိန်းများဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပ မာ-မိဘဆရာ အသင်းသည်ကျေးရွာမူလတန်းကျောင်း၏ပညာရေးအရည်အရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့် ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင်ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကို လည်းရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ဥပမာ-မိဘဆရာအသင်းသည်မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန်မြို့ နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန်မြို့နယ်

ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

**(၁၀-၃) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက်ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့်သင်တန်းများအတွက်နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်များ၊လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

**၁၀.၄ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာ**

**အစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက်ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ဥပမာအားဖြင့်တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင်အသုံးပြုသူများထံမှအသုံးပြုခကောက်ခံခြင်း၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှအလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက်လုပ်ငန်းအလိုက်သက်ဆိုင်ရာကော်မတီ၊အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့်တံတားပြုပြင်ထိန်းသိမ်းရေးအတွက်လမ်းကော်မတီ၊ကျောင်းပြုပြင်ရေးအတွက် ကျောင်းကော်မတီတို့ဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

**၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအားစနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ကြီးကြပ်စစ်ဆေးအကဲဖြတ် ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။ သို့မှသာ

ရည်ရွယ်သည့် အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင်ဆောင်ရွက် နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန်ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန်သင့်တော်သော အဖွဲ့အစည်းစနစ်၊လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့်ကျွန်ုပ်တို့သည်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress)နှင့်ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ် တကျကြီးကြပ်စစ်ဆေးပါမည်။၄င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက်တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ကော်မတီအသီးသီးတို့ကမိမိတို့ တာဝန်ကျရာကဏ္ဍအလိုက်စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာကနဦး သတင်းအချက်အလက်များ(Baseline) ရရှိအောင်ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်း အချက်အလက်များ သည်စီမံကိန်း၏တိုးတက်မှုကိုတိုင်းတာမည့်အညွှန်းကိန်း(indicator)များဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန် တိုင်းတွင်ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၄င်းတို့၏ကြီးကြပ်စစ် ဆေးတွေ့ရှိမှုအစီရင်ခံစာ (monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင် ရွက်ရမည့်ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှဦးဆောင်ပါမည်။

(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည်
အောက်ပါအချက်များအပေါ်ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့်ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင်ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့်ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့်အခြားပစ္စည်းလက်ကျန်၊

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင်ကြုံတွေ့နေရသောအခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန်အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်

